ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့ (22-12-2013) (၇၇၀၂)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

**ထူးခြားသည့် ညအပူချိန်များ**

| | |
|---|---|
| ဟာခါး | (-၁) ဒီဂရီစင်တီဂရိတ် |
| ထီးလင်း | ၁ ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၂ ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၂ ဒီဂရီစင်တီဂရိတ် |
| ဖလမ်း | ၃ ဒီဂရီစင်တီဂရိတ် |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရိုးရာလေ့လှော်ပြိုင်ပွဲကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျိုးသား၊ အမျိုးသမီး မီတာ(၂၈၀၀) တက် ၂၀ ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုရ မြန်မာအသင်းအား တစ်ဦးချင်း ဆုတံဆိပ်များဝေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၀

ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ငလိုက်ဆည်၌ ရိုးရာလေ့လှော်ပြိုင်ပွဲ နောက်ဆုံးနေ့ပြိုင်ပွဲများဖြစ်သော အမျိုးသား မီတာ (၂၀၀၀) တက် ၂၀ ပြိုင်ပွဲ၊ အမျိုးသမီး မီတာ (၂၀၀၀) တက် ၂၀ ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး မီတာ (၂၀၀၀) တက် ၂၀ပြိုင်ပွဲများကိုကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသော ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ လှေလှော်အားကစားကို ချစ်မြတ်နိုးကြသော မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ အမျိုးသား မီတာ(၂၀၀၀) တက် ၂၀ ပြိုင်ပွဲကိုကျင်းပရာ ထိုင်း နိုင်ငံအသင်း၊ မြန်မာနိုင်ငံအသင်းနှင့် အင်ဒိုနီးရှားနိုင်ငံအသင်းတို့ ပါဝင် ယှဉ်ပြိုင်ကြသည်။ ယင်းပွဲစဉ်တွင် ထိုင်းအသင်းက ၇ မိနစ် ၃၂ ဒသမ ၂၇၅ စက္ကန့်ဖြင့် ပထမ၊ မြန်မာအသင်းက ၇ မိနစ် ၃၄ ဒသမ ၇၀၅ စက္ကန့်ဖြင့် ဒုတိယ၊ အင်ဒိုနီးရှားအသင်းက ၇ မိနစ် ၄၅ ဒသမ ၆၉၀ စက္ကန့်ဖြင့် တတိယနေရာမှ ပန်းဝင်ခဲ့ကြသည်။

ထို့နောက် အမျိုးသမီးမီတာ(၂၀၀၀) တက် ၂၀ ပြိုင်ပွဲတွင် မြန်မာအသင်း၊ အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်းတို့ ပါဝင်ယှဉ်ပြိုင်လှော်ခတ်ကြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းက ၈ မိနစ် ၂၃ ဒသမ ၃၃ စက္ကန့်ဖြင့် ပထမ၊ အင်ဒိုနီးရှားအသင်းက ၈ မိနစ် ၂၆ ဒသမ ၅၀၆ စက္ကန့်ဖြင့် ဒုတိယ၊ ထိုင်းအသင်းက ၈ မိနစ် ၃၀ ဒသမ ၃၅၆ စက္ကန့်ဖြင့် တတိယနေရာမှ အသီးသီးဝင်းဝင်ခဲ့ကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နေပြည်တော် ငလိုက်ဆည်၌ ရိုးရာလေ့လှော်ပြိုင်ပွဲ နောက်ဆုံးနေ့ ပြိုင်ပွဲများကျင်းပရာ လှေလှော်အားကစားကိုချစ်မြတ်နိုးကြသော မိဘပြည်သူများ တစ်ခဲနက်ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

## ဂျူဒိုနောက်ဆုံးပွဲစဉ်များတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ် သုံးခုနှင့် ငွေတံဆိပ်တစ်ခုရရှိ

နေပြည်တော် ဒီဇင်ဘာ ၂၀

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသော (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဂျူဒိုပွဲစဉ်များကို ဒီဇင်ဘာ ၂၀ ရက်တွင် ဇေယျာသီရိအားကစားရုံ (C)၌ နောက်ဆုံးနေ့အဖြစ် ကျင်းပခဲ့သည်။

(-၇၈)ကီလိုတန်းအမျိုးသမီးပွဲစဉ်တွင် တတိယဆု ကြေးတံဆိပ်ကို မလေးရှားအားကစားမယ် MOHAMMAD THAIR Nor Izzatul Fazila နှင့် အင်ဒိုနီးရှားအားကစားမယ် YUDIANTI Desi တို့က ဖူးတွဲရရှိပြီး ဒုတိယ ငွေတံဆိပ်ဆုကို ဗီယက်နမ်အားကစားမယ် NGUYEN Thi Nhu Y က ရရှိ၍ မြန်မာအားကစားမယ် အေးအေးအောင်က ပထမရွှေတံဆိပ်ဆုကို ဆွတ်ခူး နိုင်ခဲ့သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



ပြည်တွင်းရေးရာ



# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဂုဏ်ပြုကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၂၁

ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ **H.E. Mr. Samdech Akka Moha Ponhea Chakrei Heng Samrin** ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုကြသည်။(အပေါ်ပုံ)

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့သည် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်အထူးဧည့်သည်တော်များ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။ ထို့နောက် အစည်းအဝေးခန်းမ၌ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ လွှတ်တော်ရေးရာကိစ္စရပ်များဆောင်ရွက်မှု အတွေ့အကြုံများ၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညနေ ၆ နာရီခွဲတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Samdech Akka Moha Ponhea Chakrei Heng Samrin က Sofitel Phnom Penh Phokeethra ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကသည် ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်မှ တာဝန်ရှိသူများ လိုက်ပါလျက် ကမ္ဘောဒီးယားနိုင်ငံ Independent Monument သို့ရောက်ရှိပြီး လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဉမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ဝင့်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။




## ပဲခူးတိုင်းဒေသကြီး၌ ဒီဇင်ဘာတတိယပတ် လူထုလမ်းလျှောက်

ပဲခူး ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးညာဏ်ဝင်းသည် ယနေ့ နံနက်ပိုင်းတွင် ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်း၌ ကျင်းပသော ဒီဇင်ဘာ တတိယပတ် လူထုလမ်းလျှောက်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပဲခူးမြို့ရှိ ရပ်ကွက်များမှပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပါဝင်ဆင်နွှဲခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

စာစာအိပ်လို့
စာစာထလို့
စာစာလမ်းလျှောက်ကြပါစို့






## နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

| နိုင်ငံ | ရွှေ | ငွေ | ကြေး |
|---|---|---|---|
| ထိုင်း | ၁၀၇ | ၉၄ | ၀၀ |
| မြန်မာ | ၈၄ | ၆၁ | ၈၅ |
| ဗီယက်နမ် | ၇၃ | ၈၅ | ၈၆ |
| အင်ဒိုနီးရှား | ၆၄ | ၈၄ | ၁၀၉ |
| မလေးရှား | ၄၃ | ၃၈ | ၇၆ |
| စင်ကာပူ | ၃၄ | ၂၉ | ၄၅ |
| ဖိလစ်ပိုင် | ၂၉ | ၃၄ | ၃၇ |
| လာအို | ၁၃ | ၁၆ | ၄၀ |
| ကမ္ဘောဒီးယား | ၈ | ၁၁ | ၂၀ |
| တီမော | ၂ | ၃ | ၅ |
| ဘရူနိုင်း | ၁ | ၁ | ၆ |





# အသည်းမာမာ ဇွဲပါပါဖြင့် ထိုးသတ်ယှဉ်ပြိုင်ကစားကြသည့် မွေလက်ဝှေ့ဗိုလ်လုပွဲမွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ကွင်းရှိ မွေလက်ဝှေ့အားကစားရုံ၌ မွေလက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် ဆက်လက်ကျင်းပသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အားကစားဝါသနာရှင် ပရိသတ်များ တက်ရောက်အားပေးကြသည်။(အဝေါ်ပုံ)

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❑

# ပြည်သူ့ရင်ထဲက ရွှေရရှိခဲ့သည့် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းအား မန်းသူမန်းသားများ လှိုက်လှိုက်လှဲလှဲဂုဏ်ပြု



မန္တလေး ဒီဇင်ဘာ ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်း၌ ဒီဇင်ဘာ ၂၀ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းက မလေးရှား အမျိုးသမီးဘောလုံးအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ တတိယဆုကို ရရှိခဲ့သည်။

ပြည်သူကပေးသည့် ချန်ပီယံဆုကို ရရှိခဲ့သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ဒီဇင်ဘာ ၂၁ ရက် ညနေ ၃ နာရီခန့်က မန္တလေးမြို့မှ ဘောလုံးအားကစားဝါသနာရှင်များ၊ မန္တလေးမြို့တော်သူ မြို့တော်သားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရန် အားကစားသမားများ၊ နည်းပြများ၊ နှစ်ဦးလျှင်ကားတစ်စီးနှုန်းဖြင့် လှည့်လည်ခဲ့ကြသည်။ (ဝပ) မန္တလေးမြို့ (၇၈)လမ်းတစ်လျှောက်၊ (၂၆)လမ်း ဈေးချိုနာရီစင်ရှေ့၊ (၈၄)လမ်းတစ်လျှောက်၊ (၃၅)လမ်း၊ (၇၃)လမ်းမှ မန္တလာသီရိအားကစားကွင်းသို့ နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲရမြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းက လှည့်လည်နှုတ်ဆက်မှု လမ်းတစ်လျှောက်တွင်

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ☆



ကြေးမုံ
(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးထုတ်
(၄၄)နှစ်တွင် တစ်ကြိမ် ပြန်လည်ကျင်းပခွင့်ရသည့် ဆီးဂိမ်းပြိုင်ပွဲကြီးကို ဂုဏ်ပြုပါသည်။
၂၂ - ၁၂ - ၂၀၁၃ (တနင်္ဂနွေနေ့)

# ကမ်ပိုအားကစားပြိုင်ပွဲ ကျင်းပပြီးစီး

# မြန်မာ ရွှေခြောက်ခု၊ ကြေးခုနစ်ခုနှင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့

ရန်ကုန်   ဒီဇင်ဘာ   ၂၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကမ်ပိုအားကစားပြိုင်ပွဲ နောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တတ်ရောက်ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

နောက်ဆုံးနေ့ပွဲစဉ်များ ယှဉ်ပြိုင်အပြီးတွင် အမျိုးသမီး ၄၈ ကီလိုတန်း Randori အတိုက်ပြိုင်ပွဲတွင် ဗီယက်နမ်က ရွှေ၊ အင်ဒိုနီးရှားကငွေ၊ မြန်မာနိုင်ငံမှ စဝ်မြတ်သီတာနှင့် လာအိုက ပူးတွဲကြေးရရှိကြပြီး အမျိုးသမီး ၅၁ကီလိုတန်း Randori အကိုက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားက ရွှေ၊ ဗီယက်နမ်က ငွေ၊ ကမ္ဘောဒီးယားနှင့်မြန်မာနိုင်ငံမှ စီစီလှျာတို့က ပူးတွဲကြေးတံဆိပ်ရရှိကြသည်။

အမျိုးသမီး ၅၄ ကီလိုတန်း Randori အကိုက်ပြိုင်ပွဲကွင် မြန်မာနိုင်ငံမှ ချယ်ရီဖောတရွှေ၊ အင်ဒိုနီးရှားက ငွေ၊ လာအိုနှင့်ဗီယက်နမ်တို့က ပူးတွဲကြေးရရှိကြပြီး အမျိုးသား ၅၅ ကီလိုတန်း Randori အတိုက်ပြိုင်ပွဲတွင် အင်ဒိုနီးရှားတ ရွှေ၊ လာအိုကငွေ၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံမှ စိုးမိုးလွင်တို့တ ကြေးတံဆိပ်များရရှိကြသည်။

အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ Mix Yudansha ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ စိုင်းသာထက်အောင်နှင့် ယဉ်မြင့်ဦးတို့က**(ယာပ်)** ရွှေတံဆိပ်ရရှိပြီး အင်ဒိုနီးရှားတ ငွေနှင့် တီမောလက်စ်တေတ ကြေးရရှိကြသည်။

အမျိုးသားနှစ်ယောက်တွဲ Embu Pair Yudansha ပြိုင်ပွဲတွင် အင်ဒိုနီးရှားကရွှေ၊ တီမောလက်စ်တေတ ငွေ၊ လာအိုကကြေးနှင့်အမျိုးသမီးနှစ်ယောက်တွဲ Embu Pair Yadansha ပြိုင်ပွဲတွင် ဗီယက်နမ်ကရွှေ၊ အင်ဒိုနီးရှားကငွေ၊ မြန်မာနိုင်ငံမှယဉ်မြင့်ဦးနှင့် စီစီလှျာတို့တ ကြေးတံဆိပ် ရရှိကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့်ဇနီး၊

စာမျက်နှာ ၃ သို့ »»



# သမိုင်းတွင်မည့် ဆီးဂိမ်းပွဲတော်ကြီး၏ နေ့ရက်များ



ဆီးဂိမ်းပြိုင်ပွဲပြီးစီးရန် တစ်ရက်သာလိုတော့သော်လည်း ပြိုင်ပွဲများကြည့်ရှုရန် ဝင်ခွင့်ကတ်များ ဝယ်ယူလျက်ရှိသည်ကို ဒီဇင်ဘာ ၂၁ ရက်က တွေ့ရစဉ်။

သတင်းနှင့် ဓာတ်ပုံ
**သန်းနိုင်(ဇမ္ဗူသီရိ)**

နေပြည်တော်   ဒီဇင်ဘာ   ၂၁

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီးကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်မှာ သမိုင်းတွင် မှတ်တမ်းတင်ရမည့် ပွဲတော်ကြီးတစ်ခုပင်ဖြစ်တော့သည်။ ဘယ်သို့ဆိုသော် ယနေ့ပွဲတော်ကြီး အောင်မြင်စွာ ပြီးစီးရန် ၁ ရက်သာလိုတော့သည့် အချိန်တွင် ဆီးဂိမ်းပွဲတော်လာ မြန်မာပြည်သူလူထုကြီးမှာ ပွဲတော်ဆင်နွှဲရန် တစ်ရက်မီမီ၊ တစ်နာရီမီမီ ပွဲတော်ပင်ခွင့်ကတ်များကို အကြိတ်အနယ်ဝယ်ယူနေကြခြင်း၊ အားကစားပွဲများ ကျင်းပရာ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားမြို့င်ကွင်းအတွင်းရှိ အားကစားရုံ (A)(B)(C)ဝင်ပေါက်များတွင် မြောက်မြားစွာသော မြန်မာပရိသတ်ကြီးများ စနစ်တကျ တန်းစီနေကြသည်မှာ ဆီးဂိမ်းပွဲတော်ကြီး ပြီးစီးအောင်မြင်ရန် နောက်ဆုံး ၁ ရက်အလို၌ မြန်မာပရိသတ်မှ မြန်မာဆီးဂိမ်းပွဲတော်ကြီးဟု သမိုင်းတစ်ခု ရေးထိုးပေးလိုက်သည့် နောက်ဆုံးနေ့၏ ပထမတစ်ရက်ဟုပြောရပေတော့မည်။




(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဗိုဗီနမ် Tuvenu (Female self defense) အလှမြပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးခဲ့သော မြန်မာအသင်းမှ မောင်ခိုင်ဇင်ဝင်းနှင့် မဆုလှံပြိုးတို့ နိုင်ငံတော်အလံဝှေ့ယမ်း၍ အောင်ပွဲခံနေသည်ကို ဒီဇင်ဘာ ၁၉ ရက်က တွေ့ရစဉ်။ ဓာတ်ပုံ - ဟိန်းထက်

# ဆီးဂိမ်းပွဲတော်ကြီးတွင် ပါဝင်ခဲ့သော ပီတန်းအားကစားပြိုင်ပွဲများ အောင်မြင်စွာပြီးဆုံး




ပီတန်းပြိုင်ပွဲ နောက်ဆုံးနေ့တွင် မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ရယူပေးခဲ့သော ပီတန်းအားကစားသမားများ ဆုယူအပြီးတွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၁**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်နေသော ပီတန်းပြိုင်ပွဲများကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ ပီတန်း အားကစားပြိုင်ကွင်းကြီး၌ ယနေ့နောက်ဆုံးနေ့တွင် အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲများ ကျင်းပခဲ့သည်။ ပီတန်းအားကစားပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ဖြစ်သည့် အမျိုးသမီးသုံးယောက်တွဲ (WOMEN'S TRIPLE) ဗိုလ်လုပွဲနှင့် အမျိုးသားသုံးယောက်တွဲ (MEN'S TRIPLE) ဗိုလ်လုပွဲပြိုင်ပွဲများ ပြီးဆုံးသွားပြီ ဖြစ်သည်။

အမျိုးသမီးသုံးယောက်တွဲပွဲစဉ်တွင် ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ယှဉ်ပြိုင်ခဲ့ပြီး ထိုင်းအသင်းမှ ပထမရွှေတံဆိပ်ကိုလည်းကောင်း၊ ဗီယက်နမ်အသင်းမှ ဒုတိယငွေတံဆိပ်ကိုလည်းကောင်း၊ မြန်မာအသင်းနှင့် လာအိုအသင်းတို့မှ ပူးတွဲကြေးတံဆိပ်ကို လည်းကောင်း အသီးသီးရရှိကြသည်။

အမျိုးသားသုံးယောက်တွဲပွဲစဉ်တွင် ထိုင်းနှင့် လာအိုတို့ယှဉ်ပြိုင်ခဲ့ရာ လာအိုမှ ပထမရွှေတံဆိပ်ကို လည်းကောင်း၊ ထိုင်းအသင်းမှ ဒုတိယငွေတံဆိပ်ကို လည်းကောင်း၊ မလေးရှားအသင်းနှင့် ဗီယက်နမ်အသင်းတို့မှ ပူးတွဲတတိယကြေးတံဆိပ်ကို လည်းကောင်း အသီးသီးရရှိကြသည်။

ဆက်လက်ပြီး ဆုပေးပွဲများကျင်းပပြီး ပီတန်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပီတန်းပြိုင်ပွဲအားလုံးတို့တွင် ရွှေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်တစ်ခုတို့ ရရှိခဲ့သည်။ ထို့နောက် အခမ်းအနားမှူးက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ပီတန်း အားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာပြီးဆုံးပြီဖြစ်ပါကြောင်း ကြေညာခဲ့သည်။

**သန်းနိုင်(ဇမ္ဗူသီရိ)**

အာရှနဂါး
ချောင်းသာ / ငွေဆောင်
နံနက် / ည
Ph : 703790,09-861-9008
707062,09-861-7770

## လက်ထပ်မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

မြိတ်မြို့ တလိုင်းစုရပ်နှင့် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ
(ဦးခွေးငယ်)-ဒေါ်ဖိတ်လွမ် တို့၏သားငယ်၊
ကိုဝင်းရွှေ(ခ)ကိုဖိုးကောင်း Director (Taw Win Saung Trading Co.Ltd)-မမြင့်မြင့်ထွေးတို့၏ညီ

**Dr.သိန်းကျော်(ခ)ဖိုးကျော်**

**M.B.,B.S(Ygn)**

**Director(Taw Win Saung Trading Co.,Ltd.)**

နှင့်

မြိတ်မြို့ နောက်အလယ်ရပ်နှင့်ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်နေ
(ဦးကျော်ဝင်း)-ဒေါ်သီသီအေးတို့၏သမီးကြီး၊ ကိုပြည့်ဖြိုးအောင်၏ညီမ၊ မဖူးပွင့်သူ၏အစ်မ

**မခိုင်ယဥ်ဝင်း(ခ)ဘေးဘေး**

**B.A(Myanmar)**

တို့၏ ၂၅-၁၁-၂၀၁၃ ရက် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် ဆောင်ရွက်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ၊ ၂၇-၁၁-၂၀၁၃ ရက်တွင် မင်းကွန်းတောရ ကျောင်းတိုက်၌ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိ လူကြီးမင်းများအားလည်းကောင်း၊ ၃၀-၁၁-၂၀၁၃ရက်တွင် TRADERS HOTEL၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ဆင်မြန်းပေးပါသော ဗိုလ်မှူးချုပ်စိုးတင့်(ငြိမ်း)နှင့်ဇနီး ဒေါ်စိုးစိုးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်များ ဆင်မြန်းပေးပါသော နိုင်ငံခြားရေးရုံး ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသာအောင်ညွှန့်နှင့်ဇနီး ဒေါ်မာမာကျော်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော တနင်္သာရီတိုင်း ရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မိုးအောင်၏ဇနီး ဒေါက်တာအေးခိုင်ညွန့်၊ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးထွန်းသိန်း၏ဇနီး ဒေါ်ငွေငွေမြင့်၊ ဒုတိယဗိုလ်မှူးကြီးသိန်းထူး၏ဇနီး ဒေါက်တာမအေးစိုး၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်များ ပေးပို့ချီးမြှင့်ပေးပါသော လူကြီးမင်းများအားလည်းကောင်း မင်္ဂလာအခမ်းအနားမှူး မတင်မိုးလှင်၊ မင်္ဂလာအခါတော်ပေး တေးသံရှင် မဖြူဖြူကျော်သိန်း(The Aces, Lazy Club) မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ကိုင်ဆောင်ပေးပါသော မခင်မေစန်းရွှေ၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မလွင်းရွှေစင်၊ မိတ်ကပ်နှင့်ဆံပင်အလှ ညီညီမောင်(စမ်းချောင်း)၊ ပန်းအလှဆင်ပေးပါသော လင်းလင်း၊ လက်ဝတ်ရတနာများကို မေတ္တာဖြင့်ဆင်မြန်းပေးပါသော စိန်စကေရာ့ဇ်စိန်တိုက်၊ မှတ်တမ်းတင်ဗီဒီယိုနှင့်ဓာတ်ပုံများရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီး (Focus Daily)၊ မင်္ဂလာဝတ်စုံများဆင်မြန်းပေးခြင်းနှင့် ကားအလှဆင်မြန်းပေးပါသော Forever၊ ၃၀-၁၁-၂၀၁၃ ရက် Chatrium Hotel (Pool Side)၌ ကျင်းပသော မင်္ဂလာညစာစားပွဲတွင် တက်ရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပံ့ပိုးပေးသော ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ TRADERS HOTELမှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ Chatrium Hotelမှ ကိုအောင်ခိုင်လင်းနှင့်ဝန်ထမ်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူများအားလုံးအားလည်းကောင်း၊ လိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**Dr.သိန်းကျော်-မခိုင်ယဥ်ဝင်း**




## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

၁၅-၁၂-၂၀၁၃ ရက်တွင် Chatrium Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်မြင့်စိုး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ခင်နှင်းတို့အားလည်းကောင်း။ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးကြပါသော ဦးဝင်းကို(အဖွဲ့ဝင်ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်)နှင့်ဇနီး ဒေါ်ခင်သန်းလှတို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်စိုးသိန်း(ကာကွယ်ရေးဦးစီးချုပ်ရုံး-ကြည်း)၏ဇနီး ဒေါ်မော်မော်သန်း၊ ဗိုလ်မှူးချုပ်ကိုကိုလင်(ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုအရာရှိချုပ်ရုံး)၏ဇနီး ဒေါ်မိုးမိုးလင်၊ ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့်ဇနီး ဒေါ်စိန်စိန်တိုအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲဖြန့်ပေးပါသော မဆုဝေခိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ဗန်းကိုင်ဆောင်ပေးပါသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မောင်အောင်ရဲလင်းတို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံအဖြစ် ကူညီပေးပါသော မောင်ဖြိုးသက်ခိုင်နှင့် မနှင်းအေးလှိုင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ(Yes I Do)၊ ဆံပင်နှင့်မိတ်ကပ်အလှဆင်ပေးပါသော မထက်(Pop Seoul)နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင် ဟေမာနေဝင်းနှင့် မင်္ဂလာတေးသံသာများအဖြစ် ဖျော်ဖြေပေးပါသော(Spectrum Music Band)နှင့်အဖွဲ့အားလည်းကောင်း၊ Pre- wedding Photo ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်း ရိုက်ကူးပေးကြပါသော(Yes I Do) အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲ ပြီးမြောက်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ Chatrium Hotel မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဖြိုးရဲလင်း-မသီရိဝင့်**

## အမည်ပြောင်းလဲခြင်း

ဦးကျော်လှိုင်ဦး၏သမီး မစန္ဒာကျော် [၁၂/ဒဂတ(နိုင်)၀၆၀၉၅၁]အား မစန္ဒာကျော်မြင့်ဟုပြောင်းလဲခေါ်ပါရန်။







သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဥ်စိုက်
ရှေးတိုက်ကိုမြိုး






Since 1994
Sein & Mya Mattress Industry Co., Ltd.
စိန် မြ
မွေ့ရာ ပရိဘောဂ
မင်္ဂလာအခန်းဝင်ပစ္စည်းနှင့် ဟိုတယ်သုံးခန်းဝင်ပစ္စည်းမျိုးစုံ
ရန်ကုန်မြို့တွင် ရရှိနိုင်သောဆိုင်များ။
• အမှတ် B-7၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း။
Tel / Fax : 01-255752,09-73244480,73097723
• အမှတ် F-5၊ စတုတ္ထထပ်၊ ယုဇနပလာဇာ။
Tel : 01-200747 Ext: 5999 ,09-5011699
• အမှတ် G-8၊ တာဝါ A၊ မှဲလ်ကွန်ဒို။
Tel : 09-73003249,28574251
• Capital Hypermarket
မန္တလေး:02-34217,73177,71070,011-203185,09-2039390

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

မော်တော်ယာဉ်ပိုင်ရှင်များဆက်သွယ်ပါရန်။
နိုင်ငံခြားသားများအတွက် လချုပ်ဖြင့် ကားအမြန်ငှားလို
Landcuriser, Prado, Pajero, Double Cab, Surf, Alphard, CRV, RAV 4, Crown, MarkII, Probox, Van, Light Truck
1300CC ကားမျိုးစုံ လချုပ်ဖြင့်အမြန်ငှားလိုသည်။
01-570 243, 0973 506 125, 0973 195 126

FORWARD YGN
RENT A CAR
(တိုက်ထီးမိုးမြေ့ ချောင်းသာသို့ ခရီးစဉ်)
အဝ တစ်စဉ် ( ၈နေ ၊ တနင်္ဂနွေ )
27000/-
နံနက်စာ၊ နေ့လယ်စာ၊ ညစာ၊
တောင်တက်တရား Service Guide
အဆင့်မြင့် Air-Con Bus၊ အဆင့်မြင့် Restaurant
စေလိုက်ငှားသိပ်၊ တောင်တက်တရား
25.12.2013
01-391013 , 01-579831 , 095089800 , 0973172500

## ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

### ပြည်တွင်းအခွန်များဦးစီးဌာနက ရောင်းချလျက်ရှိသည့် ရုံးခွန်နှင့် အခွန်တံဆိပ်ခေါင်းများအား လယ်ကူလျင်မြန်စွာ ဝယ်ယူနိုင်ရန်အတွက် တိုးချဲ့ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခြင်း

၁။ တရားဝင်စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် အသုံးပြုသည့် အခွန်တံဆိပ်ခေါင်းများနှင့် တရားစီရင်မှုအပိုင်း၌ အသုံးပြုရန်လိုအပ်သော ရုံးခွန်တံဆိပ်ခေါင်းတို့ကို တံဆိပ်ခေါင်း တန်ဖိုးအလိုက် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့်အပြင် ရန်ကုန်မြို့၊ အမှတ်-က(၀၇)၊ ၃၆ လမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်နှင့် ရုံးအမှတ်(၄၆)၊ နေပြည်တော်တို့တွင် ဗဟိုတံဆိပ်ခေါင်းအရောင်းကောင်တာ(၂)ခုဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိပါသည်။

၂။ ထိုသို့ရောင်းချရာတွင် အမန်တကယ်လိုအပ်လျက်ရှိသော မိဘပြည်သူများ ယခင်ကထက် ပိုမိုလွယ်ကူလျင်မြန်စွာ ဝယ်ယူရရှိနိုင်ရန်အတွက် လက်ရှိရောင်းချနေသော မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ ရန်ကုန်နှင့် နေပြည်တော် ဗဟိုတံဆိပ်ခေါင်း အရောင်းကောင်တာများအပြင် နိုင်ငံတစ်ဝန်းလုံးရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် အောက်ဖော်ပြပါ အခွန်တံဆိပ်ခေါင်းနှင့် ရုံးခွန်တံဆိပ်ခေါင်းများကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၀ ရက်မစတင်၍ ရောင်းချပေးမည်ဖြစ်ပြီး တန်ဖိုးကျပ် ၀၀၀၀ နှင့် ကျပ် ၀၀၀၀ အောက်ရှိ အခွန်တံဆိပ်ခေါင်းနှင့် ရုံးခွန်တံဆိပ်ခေါင်းများကို ရုံးချိန်အတွင်း ထပ်မံတိုးချဲ့ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အခွန်နိုပ် | (၈)မျိုး | ၀၀ဝိ/-၂၀ဝိ/-၂၅ဝိ/-၃၀ဝိ/-၄၀ဝိ/-၅၀ဝိ/-၆၀ဝိ/-၁၀၀ဝိ/- |
| အခွန်ကပ် | (၁)မျိုး | ၅/- |
| ရုံးခွန်နှိပ် | (၇)မျိုး | ၁၀ဝိ/-၁၅ဝိ/-၂၀ဝိ/-၂၅ဝိ/-၃၀ဝိ/-၅၀ဝိ/-၁၀၀ဝိ/- |
| ရုံးခွန်ကပ် | (၉)မျိုး | ၁၀ဝိ/-၁၅ဝိ/-၂၀ဝိ/-၃၀ဝိ/-၄၀ဝိ/-၅၀ဝိ/-၆၀ဝိ/-၈၀ဝိ/-၀၀၀ဝိ/- |

ပြည်တွင်းအခွန်များဦးစီးဌာန




Mercury TRAINING CENTRE
Workshop Skills Training
ရေကြောင်းအင်ဂျင်နီယာသင်တန်းများ
Workshop Skills သင်တန်းအပတ်စဉ်(၄)အတွက် သင်တန်းသားခေါ်ယူခြင်း
B.E, B.Tech, A.G.T.I, MMU အောင်မြင်ပြီးသူများနှင့် Sea Services (၂)နှစ်ရှိပြီး ဆယ်တန်း(သို့မဟုတ်) အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပါသည်။ ဂျယ်ဝန်းသောစာသင်ဆောင်များ၊ ပြည့်စုံကောင်းမွန်သည့် သင်ထောက်ကူပစ္စည်းများ၊ အတွေ့အကြုံရှိ Chief Engineer များ၏ သင်ကြားမှုနှင့်အတူ ကျောင်းသားများအတွက် Facilities အပြည့်အစုံပေးသော သင်တန်းဖြစ်သည်။
ဖွင့်မည့်ရက်
Workshop Skills သင်တန်း
သင်တန်းဖွင့်မည့်ရက် ( ၆.၁.၂၀၁၄ )
သင်တန်းကာလ - ၅လ
သင်တန်းကြေး - ၁၃ သိန်း
လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းပါ။
ဒေါ်ပုသဘော်ကျောင်းဝင်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့(မဟာဗန္ဓုလတံတားအနီး)
09-421165656, 09-5175960, 09-5015620, 01-294420, 201464, 09-8639123

## ရွှေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်
## မြန်မာနိုင်ငံဆရာဝန်အသင်း
## အမှတ်(၂၄၉)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
## နိုးဆော်စာ

ရွှေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး) အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၄-၂၀၁၆) ရွှေးချယ်တင်မြှောက်ပွဲအား ၂၈-၁၂-၂၀၁၃ ရက် မွန်းလွဲ ၁၂:၃၀ နာရီမှ ညနေ ၅ နာရီအထိနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အလုပ်အမှုဆောင်အဖွဲ့ (၂၀၁၄-၂၀၁၆) ရွှေးချယ်တင်မြှောက်ပွဲအား ၀၀-၀-၂၀၁၄ ရက် မွန်းလွဲ ၁၂:၃၀ နာရီမှ ညနေ ၅ နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ(B)တွင် ကျင်းပမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံဆရာဝန်အသင်း အသင်းဝင်များအနေဖြင့် ကိုယ်တိုင်ကိုယ်ကျ လာရောက်မဲပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

ရွှေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်
မြန်မာနိုင်ငံဆရာဝန်အသင်း




Merry Christmas & Happy New Year
ALOE VERA
GC
ရှားစောင်းအချိုရည်
စိုပြေ အသားအရေ ...
ALOE PEAR
with juicy pulp
ALOE PEACH
with juicy pulp
The Next Best Source For Your Skin
Special Promotion
X'mas Y.E.S & Job fair 2014 (25th ~ 29th Dec 2013) ကရဝိက်ဥယျာဉ်ကျွန်း ကန်တော်ကြီး ရန်ကုန်မြို့
မြန်မာ့ထုတ်ကုန်ပြပွဲကြီးနှင့် အထူးဈေးရောင်းပွဲတော် (25th ~ 29th Dec 2013) မြို့လယ်ဘုရားငါးဆူကွင်း မြိတ်မြို့


PUN HLAING HOSPITAL
ပန်းလှိုင်ဆေးရုံ နှလုံးဌာန အထူးအစီအစဉ်
(၈) နှစ်အတွေ့အကြုံရှိ ပန်းလှိုင်ဆေးရုံ နှလုံးဌာန၏အထူးအစီအစဉ် အနေဖြင့် နှလုံးသွေးကြောကျဉ်းရောဂါများအတွက် ၂၀၁၃ခုနှစ် မှစ၍ အာဆီယံ နိုင်ငံများတွင် ပထမဦးဆုံးခေတ်မီစက်သစ်ကြီးဖြင့် ကုသပေးလျက်ရှိပြီး ပြည်ပသို့ သွားရောက်ကုသရန်မလိုတော့ဘဲ ပြည်တွင်း၌သာ အရည်အသွေးပြည့်ဝသော နိုင်ငံတကာအတွေ့အကြုံရင့်ကျက်သည့် နှလုံးရောဂါ အထူးကုဆရာဝန်များဖြင့် အထူးဝန်ဆောင်ပေးလျက်ရှိပါသည်။
နောက်ဆုံးပေါ်ခေတ်မီ နည်းပညာများ၏အားသာချက်များမှာ -
ဓါတ်ရောင်ခြည်ထိတွေ့မှုကိုအနည်းဆုံးလျှော့ချပေးခြင်း
ကြည်လင်ပြတ်သားသောပုံရိပ်ဖော်ဆောင်ပေးခြင်း
အလွန်သေးငယ်သည့်သွေးကြောများကိုပင်မြင်နိုင်ခြင်း
သွေးကြောပုံဖော်ရာတွင် အသုံးပြုရသော Contrast ဆေး အနည်းငယ်သာလိုအပ်ခြင်း
ကုသချိန်တိုတောင်းခြင်း
ကုသမှုခံယူသူအတွက် အပြည့်အဝလုံခြုံစိတ်ချရခြင်း
နှလုံးသွေးကြောကျဉ်းရောဂါသာမကပဲ အခြားနှလုံးဆိုင်ရာရောဂါများကိုပါ မခွဲမစိတ်ရဘဲကုသပေးနိုင်ခြင်းတို့ဖြစ်ပါသည်။
ဒီဇင်ဘာလ(၂၈)ရက်မှ(၃၁)ရက်နေ့အထိ
မြန်မာဆရာဝန်ကြီးများနှင့်စင်ကာပူနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးတို့ ပူးပေါင်း၍ လာရောက်ကုသပေးမည်ဖြစ်ပါသည်။
မကုသမီ
ကုသပြီး
ပန်းလှိုင်ဆေးရုံ
(၀၁) ၆၈၄၃၂၃၊ ၆၈၄၃၂၅၊ ၆၈၄၃၃၆၊ (၀၉) ၄၂၀၄၂၆၇၉
Email: enquiry.phih@spa.com.mm



အချိန်တိုင်း .... နေရာတိုင်း.... လူတိုင်း ... အတွက် ...
Myanmar MOBILE MONEY
anywhere
anytime
anyone
ငွေသွင်းခြင်း
ငွေထုတ်ခြင်း
ငွေလွှဲခြင်း
MYANMAR MOBILE MONEY
ဖုန်းငွေဖြည့်သွင်းခြင်း
ဈေးဝယ်ခြင်း
လစာပေးချေခြင်း
Your Phone is Your Bank!
သင်၏ ဖုန်းသည် သင့်ဘဏ်!
Your Phone is Your Mobile Money!
သင်၏ ဖုန်းသည် သင့်ဖုန်းပိုက်ဆံ!
Safe
Simple
Swift
HOT LINE- 09 31001520, 09 31001521, 09 31001522